# Highlights from DVB Debate's New Foreign Policy Show

## April 30, 2016

## "What's the new Foreign Policy?"

"နိုင်ငံတကာမှာရှိတဲ့ မြန်မာသံရုံးအသီးသီးမှာ နောက်တခုလိုတာက နိုင်ငံတကာ
ကုန်သွယ်ရေးမူဝါဒတွေကျွမ်းကျင်တဲ့ စီးပွားရေးနဲ့ပတ်သက်တဲ့ သံတမန်တွေရှိဖို့လိုပါတယ်"

ဒေါက်တာသောင်းထွန်း - အမျိုးသားညွန့်ပေါင်းအစိုးရ ကုလသမဂ္ဂဆိုင်ရာ ကိုယ်စားလှယ်ဟောင်း

---

"ဂုဏ်သိက္ခာရှိသော နိုင်ငံဖြစ်အောင်ရပ်တည်ဖို့ဆိုရင် အမျိုးသားရေးဆိုတာ ကျနော့်တဦးထဲသဘောအရဆို
မလိုဘူး။ အမျိုးသားရေးဆိုတဲ့ အတွေးတွေနဲ့ တဖက်ပိတ် မတွေးစေချင်ဘူး ဖွင့်တွေးကြစေချင်တယ်"

ဦးနိုင်ဦး - ဘာသာပြန် စာရေးဆရာ

---

"နိုင်ငံတကာမိသားစု အသိုင်းအဝိုင်းမှာ တိုင်းပြည်ရဲ့ ပုံရိပ်ဟာ အရေးကြီးပါတယ်။ လွတ်လပ်ပြီးတက်ကြွတဲ့
မူဝါဒကျင့်သုံးမယ် ဆိုပေမဲ့ နေရာတိုင်းမှာ ကြားနေသင့်တာတော့ မဟုတ်ဘူး"

ဒေါက်တာ သောင်းထွန်း - အမျိုးသားညွန့်ပေါင်းအစိုးရ ကုလသမဂ္ဂဆိုင်ရာ ကိုယ်စားလှယ်ဟောင်း

---

"ကမ္ဘာပေါ်မှာ ဘယ်နိုင်ငံမှာမှ နိုင်ငံခြားရေးမူဝါဒကို အသစ်ပြန်ဆွဲတာမျိုး မရှိပါဘူး ဒါပေမယ့်
ဦးစားပေးမှုအစီအစဉ်တွေတော့ ပြောင်းလဲလို့ရတယ်. လူထုအခြေပြုနိုင်ငံခြားရေးမှု သွားမယ်ပေါ့"

ဦးမောင်မောင်လတ် - အမျိုးသားလွှတ်တော်အမတ်၊ အမျိုးသားလွှတ်တော် နိုင်ငံတကာဆက်ဆံရေး၊
လွှတ်တော်ချင်းချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီ

---

"အရင် အစိုးရတွေလက်ထက်မှာ ဘက်မလိုက်မူဝါဒ ဆိုတာ အာဏာရှင်တွေ အတွက်
ကတုတ်ကျင်းတခုလိုဖြစ်ခဲ့တယ်။ အဆက်ဆက်မှာက သယံဇာတအရင်းအမြစ်ကို Diplomacy လို
သုံးခဲ့တာကိုး"

ဦးနိုင်ဦး - ဘာသာပြန် စာရေးဆရာ

---

"နိုင်ငံခြားရေးမူဝါဒ မှားရင် နိုင်ငံရဲ့ စီးပွားရေးသာမကဘူး အချုပ်အခြာ အာဏာပါ ထိခိုက်နိုင်တယ်"

ဒေါက်တာ သန်းလွင်ဦး - အလုပ်အမှုဆောင်အဖွဲ့ဝင်(မြန်မာနိုင်ငံလုံးဆိုင်ရာ ဆရာ၊ ဆရာမများအဖွဲ့ချုပ်)

---

"ကုလသမဂ္ဂအထွေထွေ ညီလာခံမှာ ထောက်ပြဝေဖန်နေရဆဲ နိုင်ငံတွေ အာရှမှာဆို မြန်မာနဲ့ မြောက်ကိုးရီးယားပဲရှိတယ်၊ နိုင်ငံတကာမိသားစု အသိုင်းအဝိုင်းမှာ ပြဿနာတွေ ပြေလည်အောင် အရင်လုပ်ရမယ်။ နိုင်ငံတကာ အရေးကိစ္စတွေမှာ မှန်ကန်တဲ့ ရပ်တည်ချက်တွေနဲ့ ရပ်တည်ပေးရမယ်"

ဒေါက်တာ သောင်းထွန်း - အမျိုးသားညွှန့်ပေါင်းအစိုးရ ကုလသမဂ္ဂဆိုင်ရာ ကိုယ်စားလှယ်ဟောင်း

---